ကြေးမုံ

The Mirror

၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (13-9-2010) (၆၅၂၀)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုက ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုနှင့် တွေ့ဆုံ

နေပြည်တော်   စက်တင်ဘာ   ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုအား စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင် ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

နေပြည်တော်   စက်တင်ဘာ   ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ (Zhongnanhai) ၌ တွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

The Mirror
၁၃-၉-၂၀၁၀
(တနင်္လာနေ့)

မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်မည်

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရေ မြေ တောတောင် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်။ နှစ်နိုင်ငံပြည်သူများ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးဖြင့် နှစ်ပေါင်းရှည်ကြာ ကူးလူးဆက်ဆံလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်လာခဲ့သည်မှာ နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီ။ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်မှစ၍ နှစ်ပေါင်း (၆၀)အတွင်း နှစ်နိုင်ငံအကြား တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ အပြန်အလှန်နားလည်မှုများစွာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လာခဲ့ကြပေပြီ။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများနှင့်အတူ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၇ ရက်က ချစ်ကြည်ရေးခရီး သွားရောက်သည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့သည် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ ဒေသတွင်းနှင့် အခြားအဖွဲ့အစည်းများ မျက်နှာစာတို့တွင် နီးကပ်စွာ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အပြည့်အဝနားလည်ပြီး အစဉ်အမြဲအခိုင်အမာ ထောက်ခံပါကြောင်း၊ ဆက်လက်၍လည်း ထောက်ခံသွားမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် ပြောင်းလဲမှုမရှိသော ရပ်တည်ချက်လည်းဖြစ်ပါကြောင်း"** ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းကလည်း **"မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို နားလည်ထောက်ခံပါကြောင်း၊ တရုတ်အစိုးရအနေဖြင့်လည်း နည်းပညာနှင့် ငွေကြေးပိုင်းတွင်ပါ အကူအညီများ ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ၌ မြန်မာအစိုးရကို ဆန့်ကျင်မည့်လှုပ်ရှားမှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည့် လုပ်ရပ်များကို ပြုလုပ်မည့် မည်သည့်အဖွဲ့အစည်းကိုမျှ လက်ခံထောက်ခံမည်မဟုတ်ပါကြောင်း၊ မြန်မာအစိုးရအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အဆင်ပြေအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း"** ဆွေးနွေးပြောကြားသွားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ကာလကြာရှည် ရပ်တည်နိုင်ခဲ့ပြီ။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် တတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဖြစ်တည်နေသည့် အပြန်အလှန်နားလည်မှု အစဉ်အလာကောင်းများနှင့်အညီ မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ဆက်လက်မြှင့်တင်ရင်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ပိုမိုအကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

အားကစားဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်အားပေးပြီး ဆုများကို ချီးမြှင့်သည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဟော်ကီအားကစားဝါသနာရှင်များနှင့် အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲကို ညနေ ၃ နာရီက ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယဆုရ တပ်မတော်(ရေ) အသင်းအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က လည်းကောင်း၊ ဒုတိယဆုရ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းအား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းနှင့် တစ်ဦးချင်းဆုများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်ကလည်းကောင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်ကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းက လည်းကောင်း ဆုများနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား ပထမဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ (၁၉)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား ဟော်ကီပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာန ဟော်ကီအသင်းအား ပထမဆုဖလား နှင့် ဆင့်ပွားဖလားတို့ကို ချီးမြှင့်စဉ်။ (၁၉)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၄/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။

သရုပ်ပြအခမ်းအနား

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၂၄/၂၀၁၀)၏ သင်ခန်းစာတစ်ခုဖြစ်သော ဂုဏ်ပြုညစာစားပွဲ သရုပ်ပြအခမ်းအနားကိုလည်း ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးဝါးများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်၌ ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန်မှကြီးမှူး၍ စက်တင်ဘာ ၁၆ ရက်တွင် စတုဒိသာ လောင်းလှူရန်အတွက် တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲကို ဩဂုတ် ၃၁ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း မှန်ချိုဆေးတိုက်၌ ကျင်းပရာ သမားတော်ကြီး ဦးလှဌေး (မှန်ချို)-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး မိသားစု မှန်ချိုဆေးတိုက်က ငွေကျပ် ၂၄၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးများကို လည်းကောင်း၊ သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)-ဒေါ်နန်းခမ်းဆာ မိသားစု ဖြူစင်မေတ္တာ ဆေးတိုက်က ငွေကျပ် ၁၁၅၂၀၀ ရှိ တိုင်းရင်းဆေးများကို ပုဇွန်တောင်မြို့နယ် လမ်း(၅၀)ရှိ ဖြူစင်မေတ္တာဆေးတိုက်တွင် လည်းကောင်း လှူဒါန်းရာ **(အောက်ပုံ)** ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း(သတင်းထောက်စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွှန့် (တရားရုံးချုပ်ရှေ့နေ) တို့က လက်ခံရယူကြသည်။ (၆၁)

စီးပွားရေးပညာ Diploma သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၂

Strategy First Institute သည် မြန်မာနိုင်ငံတွင် Marketing ဘာသာရပ်များကို ဦးစားပေးသင်ကြားပို့ချပေးနေသော ပထမဆုံးနှင့် တစ်ခုတည်းသော သင်တန်းကျောင်းဖြစ်ပြီး အင်္ဂလန်နိုင်ငံရှိ Institute of Commercial Management (ICM)၏ မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော အသိအမှတ်ပြု သင်တန်းဌာနတစ်ခုလည်း ဖြစ်သည်။ ICM သည် ၁၉၇၈ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံတွင် ပညာဒါနအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားသော မန်နေဂျာများ၏ Professional အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ နိုင်ငံပေါင်း ၁၃၀ ကျော်တွင် ICM ၏သင်တန်းများပို့ချလျက်ရှိပြီး ICM မှ တိုက်ရိုက်စာမေးပွဲများ စစ်ဆေးပြီး Diploma များ ချီးမြှင့်ပေးလျက်ရှိသည်။

ယခုအခါ Strategy First Institute တွင် ICM ၏သင်တန်းများဖြစ်သော Advanced Diploma in Marketing နှင့် Advanced Diploma in Business Studies စသောသင်တန်းများကို လုပ်ငန်းခွင်တိုးတက်အောင် စီမံခန့်ခွဲလိုသော၊ အလုပ်အကိုင်ကောင်းများ ရရှိလိုသော၊ နိုင်ငံခြားတွင် ပညာဆက်လက်သင်ယူလိုသော ဘွဲ့ရလူငယ်များ၊ လုပ်ငန်းရှင်များ၊ ရာထူးမြင့်မန်နေဂျာဖြစ်ရန် ရည်ရွယ်ထားသူများအတွက် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ Advanced Diploma in Marketing တွင် Marketing Management, IT for Marketing Management, Customer Service, Management Theory & Practice နှင့် Buyer Behavior & Consumerism စသော ဘာသာရပ်ငါးခုကို သင်ယူရမည်ဖြစ်ပြီး Advanced Diploma in Business Studies တွင် Strategic Management, Marketing Management, Human Resource Management နှင့် Customer Service ဟူသော ဘာသာရပ်လေးခုကို သင်ယူရမည်ဖြစ်သည်။ ထိုဘာသာရပ်များသည် တိုးတက်ပြောင်းလဲလာသော မြန်မာနှင့် ကမ္ဘာ့ဈေးကွက်တွင် ထိရောက်စွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန် သိရှိကျွမ်းကျင်ထားရမည့်ဘာသာရပ်များဖြစ်ကြောင်း၊ သင်တန်းချိန်များမှာ ရုံးချိန်ပြင်ပဖြစ်ပြီး လက်တွေ့အသုံးချနိုင်ရန် Case-Study များ၊ Discussion များ၊ Assignment Project များဖြင့် သင်ကြားပေးကြောင်း၊ Advanced Diploma ပြီးဆုံးသည့်အခါ Graduate Diploma ကို Strategy First Institute တွင်ပင် ဆက်လက်သင်ကြားနိုင်မည်ဖြစ်သည်။ အဆိုပါသင်တန်းများကို စက်တင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အခန်း(၁၀၀၂) ပန်းခြံတာဝါ ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၉၁၃၅ နှင့် ၅၃၉၁၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဂါရဝပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ဂါရဝပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီးတို့က သံအမတ်ကြီးနေအိမ်၌ ဂါရဝပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ဂါရဝပြု ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက နိုင်ငံတော်အကြီးအကဲ ဦးဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းမှု ရရှိသည့်အခြေအနေ၊ နှစ်နိုင်ငံမဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၏ နက်ရှိုင်းသည့်အဆင့်ရောက်ရှိမှုအခြေအနေ၊ သင်တန်းသားများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည့်အခြေအနေ၊ ပြည်ပရောက် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)သည် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ ပညာတော်သင် သင်တန်းသားများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ဩဝါဒစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက သံရုံးနှင့် စစ်သံရုံးမှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား ဩဝါဒစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ထနောင်းတိုင်ကျေးရွာ၌ မိုးစပါးစုပေါင်းမြေဩဇာကြပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရောဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာရှိ တောင်သူတစ်ဦး၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ကွက်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဝါစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွာသစ်ကျေးရွာ မိုးစပါးစိုက်ကွက်သို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်တလုံးကျေးရွာ ကျောက်တလုံး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငါန်းဇွန်မြို့နယ်ရှိ တိုင်းရင်းမြန်မာ ပရဆေးစိုက်ကွင်းခြံသို့ ရောက်ရှိပြီး ဆေးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြင်းခြံမြို့နယ် သစ်ရုံကျေးရွာတွင် စိုက်ပျိုးထားရှိသော ပဲစင်းငုံနှင့် မြေပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ထနောင်းတိုင်ကျေးရွာ၌ မိုးစပါးစုပေါင်း မြေဩဇာကြပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့ မြို့တွင်းလမ်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး ညောင်ဦး-မြင်းခြံလမ်း တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် တောင်သာမြို့နယ် တစ်မိုက်သာကျေးရွာ၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ညောင်ဦးဘက်ကမ်း (လက်ပန်ခြေပေါ်) ရှင်းလင်းဆောင်သို့ရောက်ရှိကာ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မစ္စတာ မိုက်ကယ် ဟမ်နီတီပင်သာအား ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မိုက်ကယ် ဟမ်နီတီပင်သာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မိုက်ကယ် ဟမ်နီတီပင်သာသည် ၁၉၆၀ ခုနှစ် ဇူလိုင် ၅ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ကိုပင်ဟေဂင် စီးပွားရေးသင်တန်းကျောင်းမှ စီးပွားရေးဆိုင်ရာ မဟာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဒိန်းမတ်စိုက်ပျိုးရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းကာလအတွင်း ၁၉၈၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံရှိ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့တွင် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ထို့နောက် ၁၉၉၃ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ဝင်ရောက်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ရှိ ဒိန်းမတ်သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၁၉၉၅ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်တို့တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် စီးပွားရေးလုပ်ငန်းသင်တန်းကျောင်းနှင့် ကိုပင်ဟေဂင်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနများ၌ ကထိက၊ ပါမောက္ခများအဖြစ် တွဲဖက်တာဝန်ယူခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလမှ ယနေ့အထိ အီရတ်သမ္မတနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မိုက်ကယ် ဟမ်နီတီပင်သာသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

ဩဂုတ် ၂၁ ရက်က လှိုင်သာယာမြို့နယ် အထက(ခွဲ) အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မသီရိကြည်ကြည်အား မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၄၉)

GALLANT Training Centre အင်ဂျင်နီယာဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၂

GALLANT Training ၌ City & Guilds အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာဘာသာရပ်များကို အင်္ဂလန်နိုင်ငံ City & Guilds Institute မှ Approved Centre ရယူပြီး အင်ဂျင်နီယာဘာသာရပ်များ ဒီပလိုမာနှင့် အဆင့်မြင့် ဒီပလိုမာအဆင့် Level နှစ်ဆင့်ကို သင်ကြားပေးလျက်ရှိသည်။

City & Guilds အင်ဂျင်နီယာဒီပလိုမာဘာသာရပ်များကို တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ အင်ဂျင်နီယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာလက်မှတ် ရယူလိုသူများနှင့် ကိုယ်ပိုင်အင်ဂျင်နီယာလုပ်ငန်း တည်ထောင်လိုသူများ တက်ရောက်ထားသင့်သည်။ ထို City & Guilds အင်ဂျင်နီယာဘာသာရပ်များကို အင်ဂျင်နီယာဘာသာရပ် အခြေခံမရှိသူများပါ စတင်တက်ရောက်နိုင်ရန် Foundation Programm ကိုပါ ထည့်သွင်းသင်ကြားပေးပြီး ပြည်တွင်း၌ပင် အချိန်တစ်နှစ်အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာပညာရှင်အဖြစ် ရပ်တည်နိုင်မည့် အခွင့်အလမ်း ဖြစ်သည်။

City & Guilds ဒီပလိုမာနှင့် အဆင့်မြင့် ဒီပလိုမာအင်ဂျင်နီယာ မေဂျာဘာသာရပ်ကြီးများဖြစ်သော Mechanical & Electrical, Mechanical Power, Electrical Power, Electronic, Civil (Construction) အပါအဝင် ဘာသာရပ်ခွဲပေါင်း ၁၅ ခုထဲမှ မိမိကြိုက်နှစ်သက်သည့် ဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်ပြီး သင်ကြားပေးထားသည့် ဘာသာရပ်များထဲမှ မိမိပိုင်နိုင်စွာ ဖြေဆိုနိုင်မည့် ဘာသာရပ်များကို နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလတိုင်းတွင် ဘာသာရပ်ခွဲ၍ ဝင်ရောက်ဖြေဆိုနိုင်သည်။ စာမေးပွဲ မေးခွန်းများကို City & Guilds Institute အင်္ဂလန်နိုင်ငံမှ ပေးပို့သော မေးခွန်းများအတိုင်း သတ်မှတ်ထားသော Exam Centre များတွင်သာ ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲ ဖြေဆိုအောင်မြင်သူတိုင်းကို စာမေးပွဲဖြေဆိုပြီး နှစ်လအကြာတွင် City & Guilds Institute အင်္ဂလန်နိုင်ငံမှ ချီးမြှင့်သည့် အင်ဂျင်နီယာဒီပလိုမာလက်မှတ် ရရှိမည်ဖြစ်သည်။ City & Guilds အင်ဂျင်နီယာဘာသာရပ်များကို အင်္ဂလန်နိုင်ငံ သင်ရိုးညွှန်းတမ်းများအတိုင်း စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်းအပြင် GALLANT သင်တန်းကျောင်း၏ လက်တွေ့ကျွမ်းကျင် အင်ဂျင်နီယာသင်တန်း နှစ်မျိုးကိုပါ ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။

City & Guilds အင်ဂျင်နီယာဒီပလိုမာလက်မှတ်ဖြင့် ပြည်ပနိုင်ငံများဖြစ်သော မလေးရှား၊ စင်ကာပူ၊ အင်္ဂလန်၊ ဩစတြေးလျနိုင်ငံများသို့ ကျောင်းလျှောက်ထားလိုသည့် ကျောင်းသားများအတွက် ပြည်တွင်း၌ အင်ဂျင်နီယာဒီပလိုမာလက်မှတ် ရယူထားခြင်းဖြင့် ပြည်ပနိုင်ငံများတွင် အင်ဂျင်နီယာဘာသာရပ်ကို လွယ်ကူစွာ လေ့လာနိုင်ခြင်း၊ ပြည်ပနိုင်ငံရှိ ကျောင်းများအလိုက် ဘာသာရပ်ကင်းလွတ်ခွင့် (Exemption) ကို ထပ်မံရယူနိုင်ခြင်းတို့ကို ရရှိမည်ဖြစ်သည်။

GALLANT သင်တန်းကျောင်းမှ City & Guilds အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားဖြန့်ဝေပေးခြင်းအပြင် City & Guilds အင်ဂျင်နီယာဒီပလိုမာလက်မှတ်ရ ကျောင်းသားများကို ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများသို့ တိုက်ရိုက်ဆက်သွယ်၍ အလုပ်လျှောက်ထားပေးခြင်းအပြင် ပြည်ပအလုပ်အကိုင် လျှောက်ထားလိုသူများကို မြန်မာနိုင်ငံရှိ ပြည်ပလိုင်စင်ရ အလုပ်အကိုင်အေဂျင်စီများမှတစ်ဆင့် တရားဝင်အလုပ်ရရှိရန် CV ပြင်ဆင်ပေးခြင်း၊ လျှောက်ထားနိုင်သည့် ပါမစ်များအကြောင်းနှင့် ရရှိနိုင်သည့် လစာများနှင့် နိုင်ငံများအကြောင်းတို့ကို တိုင်ပင်ဆွေးနွေးပေးသည်။

GALLANT သင်တန်းကျောင်း၏ City & Guilds အင်ဂျင်နီယာဘာသာရပ်များကို တစ်နှစ်လျှင်နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးပြီး ယခုဖွင့်လှစ်မည့် သင်တန်းအပတ်စဉ်ကို စက်တင်ဘာလကုန်အထိ သင်တန်းသားအသစ် လက်ခံလျက်ရှိကြောင်းနှင့် စိတ်ပါဝင်စားပါက အမှတ်(၅) ဘီ(၅) (၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၉၄၀၃၊ ၇၃၀၃၂၆၇၀ နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မြေနီကွင်း - ကြီးလေးကြီးကျေးရွာချင်းဆက်လမ်း အဝင်ဆိုင်းဘုတ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အိန္ဒိယသံအမတ်ကြီး တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.illur Sundararajan Seshadri တို့သည် စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဒေါက်တာပွင့်ဆန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -တောရဆောက်တည် လယ်တီအစ
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၇)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၁၄)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

မင်းဘူး-အမ်းလမ်း အဆင့်မြှင့်စီမံကိန်းနှင့် ဟင်းရှက်ရေလှောင်တမံတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် စက်တင်ဘာ ၃ ရက်တွင် မင်းဘူး-အမ်းလမ်း အဆင့်မြှင့်စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟင်းရှက်ရေလှောင်တမံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်-စစ်တွေလမ်းနှင့် အမ်း-ကြာအင်းတောင်လမ်း ဖောက်လုပ်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ၏ လမ်း/တံတားကြံ့ခိုင်မှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရာမောင်တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တော်-ပလက်ဝလမ်း ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များမှာကြားကာ လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပီကောက်တံတားတည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှယဉ်ကျေးမှုအနုပညာဆွေးနွေးပွဲ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ထွန်း (ပန်းချီလှတင်ထွန်း)သည် တောင်ကိုရီးယားနိုင်ငံ ဂွမ်းဂျူးမြို့ GWANGJU CONVENTION CENTRE ၌ ကျင်းပသည့် ASIA CULTURE FORUM 2010 အာရှယဉ်ကျေးမှု အနုပညာဆွေးနွေးပွဲသို့ တက်ရောက်၍ NEW STEP MOVEMENT OF MYANMAR ARTISTS စာတမ်းဖတ်ကြားရန်အတွက် စက်တင်ဘာ ၅ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ(၂) ဦးစောလှိုင်၊ အတွင်းရေးမှူး ဦးကြည်ဝင်း (Today)၊ တွဲဖက်ပြန်ကြားရေးမှူး ဦးနီပိုဦး၊ တွဲဖက်စည်းရုံးရေးမှူး ဦးစောတင့်ဝေ၊ တွဲဖက်နိုင်ငံခြားရေးမှူး ဦးမျိုးဟန်ကြွယ်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးနိုင်ဦးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (၅၄၆)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ CAFEO-28 သို့ တက်ရောက်ရန် စာရင်းပေးသွင်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၂

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ ကျင်းပမည့် (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ (28th Conference of the ASEAN federation of Engineering Organization-CAFEO-28)သို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ လိုက်ပါတက်ရောက်လိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များသည် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ စက်တင်ဘာ ၁၇ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၁၉၈၅၄၊ ၅၁၉၆၇၆ (လိုင်းခွဲအမှတ်-၂၀၅)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Myanmar Blogger Society (MBS) အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ၌ စက်တင်ဘာ ၁၃ရက်နှင့် ၁၄ ရက်တို့တွင် "ကျင့်ဝတ်နှင့် နည်းပညာ" ခေါင်းစဉ်ဖြင့် နည်းပညာနှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။ MBSသည် နည်းပညာတိုးတက်လိုသည့် လူငယ်များဖြင့် ဖွဲ့စည်းထားပြီး နည်းပညာဆိုင်ရာဟောပြောပွဲနှင့် တိုးတက်ပြန့်ပွားရေးလှုပ်ရှားမှုများကို ဆောင်ရွက်နေသည့် အဖွဲ့ဖြစ်ပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သည့် Bar Camp Yangon 2010 တွင် Organizer အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြန်မာအင်ဖိုတက်ခ် Conference Hall ၌ ယဉ်ကျေးမှုနှင့် နည်းပညာ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်ဖြစ်ပြီး ဆိုရှယ်မီဒီယာ အသုံးဝင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ဆိုရှယ်နက်ဝေ့ခ်နှင့် ကောင်းကျိုးဆိုးပြစ်စသည့် နည်းပညာအခြေခံ လူမှုကွန်ရက် တိုးတက်ပြောင်းလဲမှုများအကြောင်းကို လူငယ်ပညာရှင်များက ဟောပြောကြမည်ဖြစ်သည်။

စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြန်မာအင်ဖိုတက်ခ် အခန်းအမှတ် ၂၀၅ ၌ ကျင့်ဝတ်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်တွင်းစာနယ်ဇင်းဆရာများက ၎င်းတို့ဖြတ်သန်းလာမှုများနှင့် အတွေ့အကြုံများကိုလည်းကောင်း၊ နည်းပညာဖြင့် ပေါင်းစပ်ပြောင်းလဲလာမှုများကို လည်းကောင်း၊ စာပေနှင့် ကျင့်ဝတ်ဆိုင်ရာများ မူပိုင်ခွင့်များနှင့် အခြားသော အခွင့်အလမ်းနှင့် နည်းပညာများကို လည်းကောင်း နှီးနှောဖလှယ်ကြမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း - ၆၅၂၂၇၆နှင့် ၇၃၀၈၈၃၀၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

ရေစကြို စက်တင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ရီရီငွေးနှင့် အသင်းဝင်များ၊ အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် စက်တင်ဘာ ၄ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြသည်။ (၃၇၄)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် ကမ္ဘောဇလမ်း သုခရိပ်ငြိမ်နေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသန်းဝင်း - ဒေါ်အေးသီတာဝင်း၊ သမီး မခင်သီတာဝင်းမိသားစုက ဒေါ်အေးသီတာဝင်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သောက်သုံးရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တောင်ဥက္ကလာပ သမဝါယမအသင်းစု စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၂

တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၅ ရက်က အသင်းရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် သဘာပတိ ဦးမြင့်ဆွေ (မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ) **(အပေါ်ပုံ)** နှင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် တွဲဖက်အတွင်းရေးမှူး ဦးအေးကိုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းတို့က အသီးသီး အမှာစကားပြောကြားကြသည်။ (၆၃)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ချင်းပြည်နယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပသည်။ ဟောပြောပွဲတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည်များကို ပညာပေးဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သင်တန်းကျောင်း အထောက်အကူပြု စာအုပ်၊ စာစောင်များနှင့် သင်တန်းသူများအတွက် အဝတ်အထည်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအခြေအနေများကို ဒုတိယဦးစီးမှူး (အခွန်) ဒေါ်နိုင်နိုင်မော်နှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များ စုပေါင်း၍ (၈) ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် မနောရမ္မပညာဒါနကျောင်း၌ စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အလှူရှင်များ ဖုန်း-၅၃၇၀၂၆၊ ၅၁၈၀၂၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၁၃-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော်(တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (မိုးမြေပဲအထွက်တိုးဖို့ စိုက်ချိန်ပြောင်းလဲစိုက်ပျိုးစို့) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတ္တာတွက်တာအလှကမ္ဘာ (ဓာတ်မတည့်ခြင်း)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (ပထမဆုံးကမ္ဘာ့အာကာသဘူတာရုံ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင် အခွင့်အလမ်း (ရသုံးမှန်းခြေ)
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (မူလတန်း-ရသပညာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဒူးနာခြင်းကင်းဝေးစေမယ့်အစားအစာများ)
၅း၁၀	ဇာနည်စစ်သည် တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာ သုတပဒေသာ (24) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ (ရောင်ပြန်မေတ္တာ-ဇာတ်သိမ်းပိုင်း) တေးပဒေသာ
၇း၄၀	ရှင်လန်းစေချင် သောတရှင် (ဒီနေ့တနင်္ဂနွေ) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (နည်းနည်းတော့လျှော့ဦးနော်)
၈း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

သံတမန်ဆက်ဆံမှု ထူထောင်ခဲ့သည့် နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးအရှိန်အဟုန် တဖြည်းဖြည်းတိုးတက်ဖြစ်ပေါ်လာရာမှ မဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေအထိ ရောက်ရှိခဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံ၍ လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒချမှတ် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချစ်ချစ်ခင်ခင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုတို့ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

☆ **ရွှေ့ဖုံးမှ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ အမျိုးသားပြည်သူ့ကွန်ဂရက် ပြည်ပဆက်သွယ်ရေးကော်မတီ ဒုတိယအကြီးအကဲ Mr. Cha Beixin၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ လက်ထောက် အတွင်းရေးမှူး Mr. Cao Weizhou၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင် ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Sun Wei၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့်နှစ်ပေါင်း (၆၀) အတွင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးအရှိန်အဟုန် တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ်လာရာမှ မဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေအထိ ရောက်ရှိခဲ့မှု၊ ထိုဆက်ဆံရေး အခြေအနေကောင်းများကို အစဉ်အဆက်ထိန်းသိမ်းသွားမည့် အခြေအနေ၊ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် လုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအတွက် စနစ်တကျ အဆင့်လိုက် ဆောင်ရွက်နေမှုအခြေအနေနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်ကို အခြေခံ၍ လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒချမှတ်ကာ အိမ်နီးချင်းနိုင်ငံများနှင့် လည်းကောင်း၊ နိုင်ငံတကာနှင့် လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း ငြိမ်းချမ်းစွာ ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ အရှိန်အဟုန်မပျက် မဟာဗျူဟာမြောက်ဆက်ဆံရေး ဆက်လက်ဖော်ဆောင်ရေးအတွက် စွမ်းအင်ကဏ္ဍလုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်းလုပ်ငန်း၊ ရေအားလျှပ်စစ်ကဏ္ဍလုပ်ငန်း၊ စက်မှုကဏ္ဍလုပ်ငန်းများ၊ ကျောက်ဖြူမှ ရွှေလီသို့ ရထားလမ်းနှင့် ကားလမ်းဖောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် နှစ်နိုင်ငံ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၃၀ ၉။ "ပြည်သူများလွန်အားထား (သယ)ပဲပဒုံကြိုးတံတား"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ "စီးဆင်းပါစေမေတ္တာရည်"
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေ အရေးအသား အထူးပြုများ)(အရှေ့တိုင်းပညာ)
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၈။ တေးဂီတအစီအစဉ်
- ၅း၂၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၁၀။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . ကိုယ့်ချစ်သူ"(အပိုင်း-၁၆)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အောင်မြင်ပါစေမြန်မာပြည် (တေးဆို-အယ်လ်လွန်းဝါနှင့်အဖွဲ့၊ သရုပ်ဆောင်-ကောင်းဆက်ထူးနှင့်အဖွဲ့၊ တေးရေး-ကိုင်ဇာ)
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၂၆)**
- ၂၀။ "သုခုမရင်ပြင်"
- ၂၁။ အစီအစဉ်ပြီး၏။

ပညာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးဆန်း ခေါင်းဆောင်သော အဖွဲ့သည် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဖင်းမယ်မြို့၌ ကျင်းပမည့်(၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ အဖွဲ့ခေါင်းဆောင်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

အဆိုပါပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ မြန်မာနိုင်ငံကိုယ်စားပြု အားကစားအဖွဲ့လက်ရွေးစင်များက ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင် တင်းနစ်၊ တင်းနစ်နှင့် ဂေါက်သီးရိုက် ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးဘွဲ့ရအသင်း စာမူပေးပို့နိုင်

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) မှ ကြီးမှူးစီစဉ်ထုတ်ဝေမည့် Myanmar Business Review နှင့် Eco Echo journal တို့အတွက် စီးပွားရေးပညာရှင် ဆရာ၊ ဆရာမကြီးများ၊ စာရေးဆရာကြီးများ၊ စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ ရရှိပြီးကြသူ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ စီးပွားပညာမျိုးဆက်သစ်(ရန်ကုန်၊ ရွှာသာကြီး၊ မုံရွာ၊ မိတ္ထီလာ)တို့မှ ကျောင်းသား၊ ကျောင်းသူများသည် စာမူများကို တိုက်(၁) အခန်း(၁) မြကန်သာအိမ်ရာ အင်းစိန်လမ်းမကြီး (ဆင်ရေတွင်း) ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၇၆၈၃၊ ၀၉-၅၂၂၄၅၃၊ ၆၅၁၄၀၀၊ ၂၄၆၆၃၄ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၌ အရှိန်အဟုန်မြှင့်တင် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်ရေး ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားမည်

❖ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr.Yang Jiechi၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ အမျိုးသားစွမ်းအင် စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Zhang Guobaa၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၌ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အမြဲတမ်း ပူးပေါင်းရပ်တည်ဆောင်ရွက်သွားမည့် အခြေအနေ၊ ရွှေလီ-ကျောက်ဖြူ ကားလမ်း၊ ရထားလမ်းဖောက်လုပ်မှုနှင့် ကျောက်ဖြူဆိပ်ကမ်းတည်ဆောက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံ စက်မှုကဏ္ဍထူထောင်ရာတွင် ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမဖြစ်ရေး ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းများ တရုတ်နိုင်ငံတွင် ဖွင့်လှစ်ဆောင်ရွက်ရေး အခြေအနေနှင့် တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အားပေးကူညီမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ကြိုဆို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ တရုတ်အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ညပိုင်းတွင် ရောက်ရှိကြရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် Mr.Aibaojun နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်က Radisson Plaza Xing Guo Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရှီးကျောင်း နိုင်ငံတော်ဧည့်ဂေဟာ (Xi Jiao State Guest Hotel)သို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မာန်အောင်မြို့နယ်အသင်း ထူးချွန်သားသမီးများအား ပညာသင်ထောက်ပံ့မည်

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီး ဆေးတက္ကသိုလ်အပါအဝင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုသို့ ဝင်ခွင့်ပညာသင်ကြားရန် အမှန်တကယ် အခက်အခဲရှိသော မာန်အောင်မြို့နယ်အသင်း ရာသက်ပန်အသင်းဝင်များ၏ သားသမီးများ၊ အသင်းဝင်သားသမီးများမဟုတ်သော်လည်း မာန်အောင်မြို့နယ် ဇာတိဖွား မိဘနှစ်ပါးမှ မွေးဖွားသော ထူးချွန်ထက်မြက်သူများသည် ဦးအုန်းမြင့်(ဥက္ကဋ္ဌ)ဖုန်း-၅၆၁၇၈၀၊ ဦးရွှေဘ(အတွင်းရေးမှူး) ဖုန်း-၅၀၁၈၀၀၊ ဒေါ်သီသီအောင်(ဘဏ္ဍာရေးမှူး)ဖုန်း-၅၅၅၇၅၇၊ ဦးအောင်သန်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၂၅၆၁၉နှင့် ဦးထွန်းရှင်(စည်းရုံးရေးမှူး) ဖုန်း-၃၈၆၉၇၃ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျောက်ချော လမ်းခင်း

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုလုံးတုံးတုံး ရွာအဝင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာပို့စ်ဂျာနယ် အတွဲ (၂) အမှတ် (၃၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အမျိုးသားအဆင့် ရတနာပုံနေရှင်နယ် ဝက်ဘ်ပိုတယ် ဖွင့်တော့မည်၊ သတင်း၊ လူမှုဆက်သွယ်ရေး၊ ဖျော်ဖြေရေး၊ အားကစား၊ လူမှုဘဝ၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး စသည့် ကဏ္ဍများစုံလင်မည်၊ အိမ်ရာမြေဈေးကွက်တွင် ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကိုရီးယားလုပ်ငန်းရှင်ကြီးများဝင်ရန် တာစူနေကြပြီ၊ စိန်ခေါ်မှု၊ ခြိမ်းခြောက်မှုနှင့် ယှဉ်ပြိုင်မှုများကို ဘယ်လိုရင်ဆိုင်ကျော်လွှားမလဲ စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ နိုင်ငံတကာအဆင့်မီ နှစ်ထပ်လမ်းနှင့် အိမ်ရာစီမံကိန်းသစ်အတွက် ရင်းနှီးမြှုပ်နှံရန် မလေးရှားအခြေစိုက်ကုမ္ပဏီက ကမ်းလှမ်း၊ ပုသိမ်မှ ကလေးအထိ ရထားဖြင့် သွားနိုင်ရန်ဆောင်ရွက်၊ မင်းဘူး-မင်းလှရထားလမ်းပိုင်းသစ်ဖွင့်တော့မည်၊ မြန်မာ့မိုဘိုင်းဖုန်းလုပ်ငန်း အံ့သြစရာကြီးထွားလာ၊ မိုဘိုင်းဖုန်းအလုံးပေါင်း ၁၃ သိန်းကျော်ချထားပေးပြီးမိုဘိုင်းဆက်သွယ်ရေးစခန်းများလည်း တိုးချဲ့လျက်ရှိ စသည့် မျက်နှာဖုံးသတင်းများ၊ မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ကြည်ခင်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ “ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးအုံးတင်နှင့်တွေ့ဆုံခြင်း”နှင့် “ရွေးကောက်ပွဲဝင်မည့် စာရေးဆရာကောင်းသန့်နှင့် တွေ့ဆုံခြင်း” စသည့် ဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာ အားကစား၊ ကမ္ဘာတစ်လွှားထူးထူးခြားခြား ဖြစ်ရပ်များစသည့် ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ၂၂နှစ်ကာလအတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိ၊ ရေအားလျှပ်စစ်စီမံကိန်းကြီးနှစ်ခု မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးပေါင်း အကောင်အထည်ဖော်မည်၊ သက်တမ်းလွန်နှင့် သက်တမ်းမလွန်ခင် ပျက်စီးနေသောစားကုန်များ ကျန်းမာရေးကို ဆိုးဆိုးရွားရွားထိခိုက်နိုင်၊ သတ်မှတ်စည်းကမ်းလိုက်နာပါက ရွှေတိဂုံစေတီတော်သို့ မည်သည့်ဧည့်လမ်းညွှန်မဆို လာရောက်နိုင်၊ Asia Green Development ရန်ကုန်ဘဏ်ခွဲ စက်တင်ဘာလလယ်တွင် ဖွင့်လှစ်မည်၊ သဘာဝကို လွန်ဆန်ချင်သူများ နှောင်းနောင်တနှင့် ကြုံရနိုင်၊ ယောက်ျားပီသမှုကို အရှုံးအမူးစွဲလမ်းသူ ပုရိသတို့၏ လောဘအသက်ကိုပင် ခြိမ်းခြောက်၊ ကမ္ဘာ့ဖလားမှာ Waka Waka နှင့် ရှာကီရာ ဗိုလ်စွဲအောင်ပွဲခံသလို မြန်မာနိုင်ငံမှာလည်း Waka Waka နဲ့ ဘယ်သူဗိုလ်စွဲအောင်ပွဲခံမလဲ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီး





❍ ကျောဖုံးမှ

ခေတ္တတည်းခိုသည့် ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် Great Wall မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ကြ၍ မဟာတံတိုင်းကြီး တည်ဆောက်

ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်း

Wall မဟာတံတိုင်းကြီးမှ ပြန်လည်ထွ

ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးသည် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဖွင့်ပွဲပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၅)တွင် ရွှေမြန်မာတွေ စင်ကာပူမှာ အလုပ်ရပါတော့မလား အထူးသတင်းဆောင်းပါးနှင့်အတူ ငါးသိန်းတန်ဖုန်းများ အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်တော့မည်၊ နိုင်ငံတကာအဆင့်မီ အမြန်ချောပို့စာအိတ်မြန်မာနိုင်ငံတွင် စတင်အသုံးပြုပြီ၊ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု တရုတ်ဘက်မှစတင်၊ အခွန်သက်တမ်းတိုးပြီးနောက် မြေကွက်ဈေးမြင့်တက်၊ စီးပွားရေးလုပ်ငန်းများ အိမ်ခြံမြေဘက် ရင်းနှီးမြှုပ်နှံလာစသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ရာဇဝင်ထဲက သမိုင်း၊ သမိုင်းထဲက ရတနာပုံရွှေနန်းတော်၊ ဖီးလစ်ဒီဘရစ်တို(ခေါ်) သန်လျင်မြို့စားဇေင်ကာ Myanmar DISCOVERY၊ အချိန်ကို လေလိုဖြုန်းသူများ၊ မြန်မာ-အိန္ဒိယပူးပေါင်းမှုအကျိုးတရား၊ ဖုန်းကတ်ကို ဘယ်လိုထိန်းသိမ်းမလဲ၊ ရေ ဘာကြောင့်ကြီးရတယ်၊ ပြောင်းလဲကျင့်သုံးကြမည့် နိုင်ငံခြားသားနှင့် လက်ထပ်မှုမူဝါဒအချို့၊ သောင်းပြောင်းထွေလာ ဤကမ္ဘာကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အောင်မြင်မှုလမ်းစပေါ် ရောက်ရှိပြီ' အရှေ့အလယ်ပိုင်းဆိုင်ရာ နိုင်ငံရေးလေ့လာအကဲခတ်သူတို့နှင့် စပီဂျဲလ် မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ တရုတ်တွင် ကားစီးရေ အဆမတန်တိုးပွားလာနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းလိုသူက ဓားစာခံသုံးဦးအား ဖမ်းဆီး၍ အကြမ်းဖက်ရန် ကြိုးပမ်းမှုကို ရဲတပ်ဖွဲ့မှ ပစ်ခတ်၍ရှင်းလင်း၊ ရောဘတ်တိုကားလို့စ်၏ အလွတ်တည်ကန်ဘောကြက်ကန်းဆန်အိုးတိုးခြင်းမဟုတ်ပါ၊ ဂျိုလီက ရေဘေးဒဏ်သင့်နေသော ပါကစ္စတန်သို့ သွားရောက် လည်ပတ်၊ အမျိုးသမီးသတင်းထောက်နှင့် ချစ်ကြိုးသွယ်နေသည်ဟူသော ကောလာဟလသတင်းအား ဝန်ကြီး ငြင်းဆို၊ မစ္စတာဘရောင်းအား အသိဉာဏ်နုံချာသူအဖြစ်မစ္စတာဘလဲက ပုတ်ခတ်၊ တရုတ်အမျိုးသမီးများ အသုံးအဖြုန်းကြီးလာစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ခန္ဓာရှုကွက် ဉာဏ်(၃)ချက်" တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
၆း၄၀ တောင်းဆုအမှန်ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောက ဝက်ပါ" (အပိုင်း-၁၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၆)**
၈း၄၀ ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင်
၉း၀၀ Activities In The City [INAX ၏ (၅)နှစ်မြောက် အခမ်းအနား]
၉း၁၀ Musical Night For Allကို ကြိုတင်ခံစားကြည့်ခြင်း
၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများကိုဖြူဖွေးသန့်စင်အောင် ကုသနည်း)
၁၀း၀၀ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀ (သုံးသပ်ချက်များ)
၁၀း၁၅ မြန်မာကြိုက်နဲ့သာဖြူပရုပ်ဆီ
၁၀း၂၅ The Champion of Dance
၁၁း၀၀ Celebrity Choice(ဇော်ပိုင်)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
၁၂း၅၀ စာအုပ်ပြခန်း (ပုံပြင်ကမ္ဘာကလေးရုပ်စုံစာစောင် ထုတ်ဝေသူဦးမြင့်ထွန်း နှင့်တွေ့ဆုံခြင်း)
၁း၀၀ "ခန္ဓာရှုကွက် ဉာဏ်(၃)ချက်" တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ သူတို့ဘဝသူတို့ဟာသ(စူပါဘဲတော)
၂း၄၅ FMF Selection
၃း၁၀ **မူဟန်ကိုယ်စီတေးကိုသီ**
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၆)**
၄း၄၅ Musical Night For Allကို ကြိုတင်ခံစားကြည့်ခြင်း
၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၃)**
၇း၂၀ ဗီဒီယိုပြခန်း
၇း၃၅ အနုပညာမိုးကောင်ကင်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)
၉း၃၅ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၇)**
၁၀း၁၅ International Show Biz
၁၀း၃၀ ဈေးဝယ်လမ်းညွှန်(Shoe Gallery)
၁၀း၅၅ Shooting Making (အမေ့သားလေးပူတူးတူး ဒီဗွီဒီဇာတ်ကားရိုက်ကွင်း)
၁၁း၁၅ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀

Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြ၍ မဟာတံတိုင်းကြီး တည်ဆောက်ထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် Great Wall မဟာတံတိုင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီး တည်ဆောက်ထားမှုများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အခမ်းအနား ကျင်းပ

၁၂

...အေးသည် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ...ကျင်းပသော တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ

လာကြသူများသည် ဖွင့်ပွဲပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမှာစကားပြောကြား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော စက်တင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၃၇)၊ အမှတ်(၉)ကို သာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ မြတ်ငြိမ်း၊ မောင်ပေါ်ထွန်း၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ညွန့်၊ မောင်မြင့်ကြွယ်၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မြသိန်း၊ အောင်ချိန်ဘွား၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ချိုးဖြူခင်၊ ခင်စောတင့်၊ မင်းကြော့ရှိန်၊ ခင်မောင်ခြိမ့်၊ အငြိမ်းစားပါမောက္ခတစ်ဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ကံမြင့်(ရေဒါ)၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ မှူးခင်(ရွှေပြည်သာ)၊ ဆန်းလွင်ဦး(နေပြည်တော်)၊ ဒေါက်တာကေ၊ စိန်ဝင်းမော်၊ ခင်မောင်ကြီး(ကြေး/မြေ)၊ တက္ကသိုလ်မိုးမြင့်၊ ကျော်ရှင်း၊ မောင်လှိုင်းသစ်၊ စိုးသီဟနောင်၊ မြင့်ဦးမောင်၊ ဒေါက်တာလွှမ်းမိုးဟန်၊ လှတိုး(စိတ်ပညာ)၊ လေးဝတီကျော်၊ မြတ်လေးဖြူ၊ ပွင့်သစ်ဦး(ရတနာပုံ)၊ ခင်မျိုးသွေး၊ သူဇာ၊ တက္ကသိုလ်မောင်တံခွန်၊ မောင်တင်ဦး(ရုက္ခ)၊ ထွန်းဝင်းဦး(ဆေး-၂)၊ ထက်မြက်(စမ်းချောင်း) စသည့် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများ ပါဝင်သည်။

အဆိုပါစာစောင်တွင် အံ့ဖွယ်ရာဗုဒ္ဓဝင်ပန်းတမော့၊ ဖိစီးမှုနှင့် စိတ်ငြိမ်းချမ်းမှုဇရာစိတ်ပညာ၊ အဏ္ဏဝါရဲ့ နယ်နိမိတ်အဆုံး၊ အချိန်ကို အကျိုးရှိစွာ အသုံးချပါ၊ ထူးချွန်ပြောင်မြောက်သော မန်နေဂျာများ၊ ဂျီပီအက်စ် ဆိုသည်မှာ၊ သင့်ကလေး ချက်သွေး၊ ဗီတာမင် "ဒီ"စကားရည်လုပွဲ၊ ကိုယ့်အသက်ကိုယ်ကယ်တဲ့ ဆီးချိုရောဂါသည်၊ သက်ရှည်ကျန်းမာသင့်ဝန်တာ၊ ဆန်းသစ်ဖွေရှာဆေးပညာ၊ နိုင်ငံတကာသတင်းမှတ်စု၊ ဓာတ်မြေသြဇာ သုံးစွဲမှု၊ ကမ္ဘာ့အကြီးဆုံးပန်းတစ်ပွင့်၊ ခေတ်သစ်တရုတ်ပန်းချီဖခင်ကြီး၊ အကောင်းဆုံးလူငယ်ကစားသမား ရွှေဖိနပ်ဆုရှင်၊ ဘောလုံးလောက အဆိုအမိန့်များ၊ ဖတ်သမ္ဘဒဿန၊ ဝေါဟာရကွြယ်ပါစ၊ အင်္ဂလိပ်စကားပုံ၊ ဘာသာပြန်စာအုပ်စင်၊ တရုတ်နက္ခတ္တဗေဒင်နှင့် လစဉ်ပါနေကျ ဘာသာပြန်ကဗျာ၊ ဟာသ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်ရာ သုတ၊ ရသ အကြောင်းအရာမျိုးစုံ ပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ အထက(၂)(ယခင်နေရှင်နယ်အမျိုးသားကျောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ပုသိမ်မြို့ အမှတ်(၂) အထက (ယခင်နေရှင်နယ်အမျိုးသားကျောင်း)၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးတို့အား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပရန်အတွက် ပုသိမ်မြို့ ယိုးဒယားကုန်းလမ်းနေ ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမြင့်(မြင့်-ခရီးသွားလုပ်ငန်း မိသားစု)က ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ကျောင်းသားဟောင်း ဦးအောင်ခက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများနှင့် စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးအောင်ခ(နောင်ရိုး) ဖုန်း-၀၄၂-၂၅၄၉၆၊ အတွင်းရေးမှူး ဦးသန်းမြင့် ဖုန်း-၀၄၂-၂၅၇၈၅၊ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း) ရန်ကုန် ဖုန်း-၀၁-၅၅၆၉၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၅၅၂)

တွံတေးမြို့နယ် ကရင်ချောင်းစံပြကျေးရွာ (အထကခွဲ)၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘောဂဗေဒဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာမ ဒေါ်တင်တင်ဝင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်	၁၁း၁၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၆း၀၀	MRTV-4 သတင်း	၁း၂၄	Barclays Premier League (Stoke City Vs Aston Villa)
၆း၂၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]	၃း၂၅	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၃)**	၃း၅၀	ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
၇း၂၀	ဗီဒီယိုပြခန်း	၄း၂၀	မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
၇း၃၅	အနုပညာမိုးကောင်ကင်	၄း၃၀	ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၈း၀၀	MRTV-4 သတင်း	၄း၃၅	ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင်
၈း၃၀	စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)	၅း၀၀	အစီအစဉ်ပြီး။
၉း၃၅	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၇)**		
၁၀း၁၅	International Show Biz		
၁၀း၃၀	ဈေးဝယ်လမ်းညွှန်(Shoe Gallery)		
၁၀း၅၅	Shooting Making (အမေ့သားလေးပူတူးတူး ဒီဗွီဒီဇာတ်ကားရိုက်ကွင်း)		
၁၁း၁၅	မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀ (သုံးသပ်ချက်များ)		
၁၁း၄၀	Activities In The City [INAX ၏ (၅)နှစ်မြောက် အခမ်းအနား]		
၁၁း၅၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)		
၁၂း၂၀	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း		
၁၂း၄၀	အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ထက်ရှားမိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)		
၁၂း၅၅	မြန်မာစာသုံးဖို့မြန်မာယူနီကုဒ် ပရိုဂရမ်များ		

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Stoke City - Aston Villa	ESPN (Live)

မြို့ရေပေးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ဘောလခဲ စက်တင်ဘာ ၁၂

ကယားပြည်နယ် ဘောလခဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဦးသည် စက်တင်ဘာ ၅ ရက်တွင် ဘောလခဲမြို့ ကယားပိုင်းရပ်ကွက် အမှတ်(၁)ရေစက်ရုံနှင့် ရှမ်းပိုင်းရပ်ကွက် အမှတ်(၂)ရေစက်ရုံများမှ မြို့ရေပေးရေးဆောင်ရွက်နေမှုအား ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမှိုက်အိတ်အတွင်း မွေးကင်းစကလေးငယ် မနီလာမြို့လေဆိပ်၌ တွေ့ရှိ

မနီလာ စက်တင်ဘာ ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နစ်နွိုင်အကွီနိုနိုင်ငံတကာလေဆိပ်၌ အမှိုက်အိတ်တစ်လုံးအတွင်း ထည့်သွင်းထားသော မွေးကင်းစကလေးတစ်ဦးကို လေဆိပ်အာဏာပိုင်များက တွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၁၂ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါအမှိုက်အိတ်ကို လေဆိပ်တွင် တနင်္ဂနွေနေ့က ဆင်းသက်ခဲ့သော ဘာရိန်းနိုင်ငံမှ လာရောက်သည့် လေယာဉ်တစ်စင်းပေါ်မှ ချထားခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း နစ်နွိုင်အကွီနိုလေဆိပ်အာဏာပိုင်များက ဆိုသည်။

ယင်းကလေးကို လေဆိပ်ဆေးကုခန်းမှ ဆရာဝန်များနှင့် သူနာပြုများက သန့်ရှင်းရေးပြုလုပ်ပေးပြီး အဝတ်များဖြင့် ထွေးပတ်ကာပြုစုပေးခဲ့ရကြောင်း သိရသည်။

လေဆိပ်အာဏာပိုင် များ၏ အဆိုအရ ယင်းကလေးကို တစ်ရှူးစက္ကူများဖြင့် ထွေးပတ်ကာ အမှိုက်အိတ်အတွင်းထည့်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ယင်းကလေး၏ မိခင်ဖြစ်သူကို ရှာဖွေလျက်ရှိပြီး တွေ့ရှိပါက ရာဇဝတ်မှုကျူးလွန်ခဲ့သဖြင့် အရေးယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

ယင်းကလေးကို လူမှုစောင့်ရှောက်ရေးဝန်ထမ်းများက ပြုစုစောင့်ရှောက်လျက်ရှိပြီး ၎င်း၏ဆွေမျိုးညာတိများ ပေါ်ပေါက်လာခဲ့ပါက သို့မဟုတ် ကောင်းမွန်စွာ မွေးစားမည့်သူရှိပါက လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အေပီ။

အီရန်နိုင်ငံတွင်းသို့ တရားမဝင် ခိုးဝင်မှုဖြင့် ဖမ်းဆီးခံခဲ့ရသော အမေရိကန်နိုင်ငံသူ ဆာရာရှရောက် (ယာအစွန်)။

ဒေါ်လာ ၅၀၀၀၀၀တန်အာမခံဖြင့် အမေရိကန်နိုင်ငံသားတစ်ဦး အီရန်ပြန်လွှတ်မည်

တီဟီရန် စက်တင်ဘာ ၁၂ - အီရန်နိုင်ငံက ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ဖမ်းဆီးခဲ့သော အမေရိကန်တောင်တက်သမားသုံးဦးအနက် တစ်ဦးကို ပြန်လွှတ်ပေးခြင်းသည် အီရန်သိပ္ပံပညာရှင် ရှာရယ်အမ်မရီ၏ ပြဿနာနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အီရန်တရားသူကြီးတစ်ဦးက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံသည် ကျန်းမာရေးပြဿနာနှင့် ရင်ဆိုင်နေရသော အမေရိကန်နိုင်ငံသူ ဆာရာရှရောက်ကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ အာမခံဖြင့် ပြန်လွှတ်ပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း တနင်္ဂနွေနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ၎င်းကပြောကြားသည်။ ဆာရာရှရောက်ကို ပြန်လွှတ်ခြင်းသည် လွန်ခဲ့သောနှစ်က ဆော်ဒီအာရေဗျတွင် ပျောက်ဆုံး၍ အမေရိကန်နိုင်ငံမှ အီရန်သို့ပြန်လည်ရောက်ရှိလာသည့် အီရန်နျူကလီးယားသိပ္ပံပညာရှင် အမ်မရီနှင့် ဆက်နွယ်မှုမရှိဘဲ အီရန်တရားဥပဒေအရသာ ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဆာရာရှရောက်အပါအဝင် အမေရိကန်နိုင်ငံသားသုံးဦးကို အီရန်နိုင်ငံတွင်းသို့ တရားမဝင်ခိုးဝင်မှုဖြင့် ၂၀၀၉ ခုနှစ် ဇူလိုင် ၃၁ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန် အနာဂတ်အရေး အဖြေရှာရန် အိမ်နီးချင်းနိုင်ငံများလည်း ပါဝင်သင့်

ဂျီနီဗာ စက်တင်ဘာ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်အရေးကို အဖြေရှာနိုင်ရန်အတွက် ယင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကလည်း ပါဝင်ဆောင်ရွက်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျားက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် အစွန်းရောက်ဝါဒီများ အင်အားကောင်းလာပါက တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန်စသော ဒေသတွင်း နိုင်ငံများကိုလည်း အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း မဟာဗျူဟာလေ့လာရေး နိုင်ငံတကာသိပ္ပံက ပြုလုပ်သည့် ညီလာခံတွင် ၎င်းကပြောကြားသည်။

အာဖဂန်၏ အနာဂတ်အရေးကို အဖြေရှာရန် အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းဖြင့် လုပ်ဆောင်နိုင်မည်မဟုတ်ဘဲ ဒေသတွင်းနိုင်ငံများကလည်း ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ဟင်နရီကစ်ဆင်းဂျားက ဆိုသည်။

အေအက်ဖ်ပီ။

ကျော်သူ

အကြမ်းဖက်ဝါဒရဲ့ နယ်ကျော်ကူးစက်တတ်တဲ့သဘာဝကို ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွှာအဆောက်အအုံ တိုက်ခိုက်ခံခဲ့ရတဲ့အဖြစ်၊ ၂၀၀၅ ခုနှစ် ဇူလိုင် ၇ ရက် လန်ဒန်ဗုံးကွဲမှုများဖြစ်စဉ် *(အောက်ပုံ)* များက ဖော်ညွှန်းနေပါတယ်။ ဒီဖြစ်စဉ်ကြီးတွေရဲ့ အဓိကလက်သည် အယ်လ်ခိုင်ဒါအဖွဲ့ဟာ အမေရိကန်နှင့် နိုင်ငံတကာတပ်ဖွဲ့တွေက လိုက်လံချေမှုန်းနေတဲ့ကြားမှာပင် ရှင်သန်ဆဲ၊ လှုပ်ရှားနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ၉/၁၁ အလွန် အယ်လ်ခိုင်ဒါရဲ့ ရပ်တည်မှုကို ဆန်းစစ်ကြည့်ဖို့လိုပါတယ်။

တစ်ခါ ကမ္ဘာ့သတင်းတွေထဲမှာ တွေ့လာရတာက အီရတ်နိုင်ငံက သတင်းသမားတွေအကြောင်းပါ။ ဗုံးဆန်၊ ကျည်ဆန်တွေအကြားမှာ သက်စွန့်ဆံဖျား၊ အပြေးအလွှား သတင်းယူနေလို့မှမပြီးသေး အခုတစ်ဖန် စစ်သွေးကြွတွေရဲ့ ပစ်မှတ်က သတင်းသမားတွေ ဖြစ်လာပါတယ်။ ဒီတော့ စစ်မြေပြင်မှာ သတင်းသမားတစ်ဦး မတော်တဆ သေဆုံးရတာဟာ မဆန်းပေမယ့် အီရတ်မှာတော့ စစ်သွေးကြွတွေက သတင်းသမားတွေကို ပစ်မှတ်ထားလာတာကတော့ တစ်မျိုးတစ်ဘာသာလို့ ဆိုနိုင်ပါတယ်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့၏ ပစ္စုပ္ပန်ပုံရိပ်နှင့် အီရတ် (သို့မဟုတ်) သတင်းသမားတို့၏ ဒုက္ခဘုံ

အမေရိကန်နိုင်ငံ နယူးယောက်မြို့က ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွှာအဆောက်အအုံနှစ်ခု အကြမ်းဖက်တိုက်ခိုက်ဖြိုချခံခဲ့ရတာ ခုဆိုရင်ဖြင့် ကိုးနှစ်ကြာခဲ့ပါပြီ။ ဒီတိုက်ခိုက်မှုဟာ ၁၈၁၄ ခုနှစ်မှာ ဗြိတိသျှတပ်တွေ ဝါရှင်တန်မြို့တော်ကို ချီတက်တိုက်ခိုက်မီးလောင်တိုက်သွင်းပြီးတဲ့နောက်ပိုင်း အမေရိကန်မြေပေါ်မှာ ထပ်မံဖြစ်ပွားခဲ့တဲ့ နိုင်ငံခြားသားတွေရဲ့ အဆိုးရွားဆုံး အကြမ်းဖက် တိုက်ခိုက်မှုကြီးလို့ ဆိုနိုင်ပါတယ်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုကို ကြိုးကိုင်စီစဉ်ခဲ့တယ်ဆိုတဲ့ အယ်လ်ခိုင်ဒါအဖွဲ့ကို အမေရိကန်အစိုးရက ကမ္ဘာအနှံ့မှာ မိုးမဆုံး မြေမဆုံး ရှာဖွေနှိပ်ကွပ်ခဲ့ပေမယ့် အယ်လ်ခိုင်ဒါ အဖွဲ့ကတော့ ပန်းပန်နေဆဲပါ။

ဒီ အယ်လ်ခိုင်ဒါအဖွဲ့ကို အသွင်ငါးမျိုးရှိတဲ့ အဖွဲ့အစည်းတစ်ခုအသွင် တွေ့မြင်နိုင်ပါတယ်။ ပထမအသွင်ကတော့ မူလအယ်လ်ခိုင်ဒါအဖွဲ့။ အဲဒီအဖွဲ့မှာ အိုစမာဘင်လာဒင်၊ အဖွဲ့ရဲ့ မဟာဗျူဟာပဲ့ကိုင် အေမင်အယ်လ်ဇာဝါဟာရီနှင့် သူတို့ရဲ့ အတွင်းစည်းပါ။ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုကြီး ဖြစ်ပွားပြီးတဲ့နောက်မှာ အမေရိကန်အစိုးရက လူ့သမိုင်းမှာ အကြီးကျယ်ဆုံး လူဖမ်းပွဲကြီးကို လုပ်ဆောင်ခဲ့ပေမယ့် အိုစမာဘင်လာဒင် ဦးဆောင်တဲ့ မူလအယ်လ်ခိုင်ဒါ ဝင်ရိုးကြီးဟာ ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်တစ်လျှောက်မှာ လှုပ်ရှားနေနိုင်ဆဲ ဖြစ်ပါတယ်။

ဒုတိယ အသွင်ကတော့ အယ်လ်ခိုင်ဒါနှင့် တိုးတိုးတိတ်တိတ်တစ်ဖုံ၊ ပြောင်ပြောင်တင်းတင်း တစ်မျိုးဆက်နွယ်နေတဲ့ အာဖဂန်နှင့် ပါကစ္စတန်က အကြမ်းဖက် ကွန်ရက်တွေပါ။ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတွေမှာ သွေးစွန်းတဲ့နေ့တွေ ဖန်တီးခဲ့တဲ့ ပါကစ္စတန်တာလီဘန်အကြမ်းဖက်အုပ်စု လက်ရှ်ကာ-အီးတိုင်ဘာ စစ်သွေးကြွအုပ်စုတို့လို အဖွဲ့တွေဟာ အယ်လ်ခိုင်ဒါနှင့် ပြောင်ပြောင်တင်းတင်းကို မဟာမိတ်ဖွဲ့ထားကြပါတယ်။ လက်ရှ်ကာ-အီးတိုင်ဘာအဖွဲ့ဆိုရင် အယ်လ်ခိုင်ဒါ အတွင်းစည်းနှင့် ပိုနီးစပ်ပြီး ပြီးခဲ့တဲ့နှစ်က ဒိန်းမတ်နိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်ဖို့တောင် ပုလင်းတူဘူးဆို့ ကြံရွယ်ခဲ့တယ်လို့ ဆိုပါတယ်။ ကြိုတားနိုင်လို့သာ အနိဋ္ဌာရုံ အဖြစ်ဆိုးတွေ မကြုံခဲ့ရတာလို့လည်း ဆိုနိုင်ပါတယ်။

အယ်လ်ခိုင်ဒါရဲ့ တတိယအသွင်ကတော့ မြောက်အာဖရိက ကနေ အင်ဒိုနီးရှားနိုင်ငံအထိ ရှိနေတဲ့ အယ်လ်ခိုင်ဒါရဲ့ လက်ခွဲအုပ်စုတွေ ဖြစ်ပါတယ်။ ယီမင်အယ်လ်ခိုင်ဒါအဖွဲ့ဆိုရင် ဒီနေ့အချိန်မှာ အန္တရာယ်အကြီးမားဆုံး အကြမ်းဖက်အဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်နေပါပြီ။ ယီမင်လုံခြုံရေးတာဝန်ရှိသူတွေကိုတောင် နာမည်နှင့်တကွ ခြိမ်းခြောက်လာတဲ့အထိ အတင့်ရဲနေပါတယ်။

အေဒင်ပင်လယ် ကွေ့တစ်ဖက်ကို လှမ်းကြည့်ပြန်ရင်လည်း ဆိုမာလီနိုင်ငံက အယ်လ်ခိုင်ဒါသားတပည့်တွေရဲ့ အန္တရာယ်ဟာ အာဖရိကတိုက်ရဲ့ အခြားအစိတ်အပိုင်းတွေကို ခြိမ်းခြောက်လာပါတယ်။ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနေ့မှာ ဖြစ်ပွားခဲ့တဲ့ ယူဂန္ဓာဗုံးခွဲမှုကိုပဲ ကြည့်ပါ။

စတုတ္ထ အသွင်ကတော့ အယ်လ်ခိုင်ဒါရဲ့ အရိပ်ထိုးမှုကြောင့် အစွန်းရောက်ဝါဒီတွေ ဖြစ်လာတဲ့တစ်သီးပုဂ္ဂလတွေပါပဲ။ သူတို့တွေဟာ အယ်လ်ခိုင်ဒါနှင့် ပုံမှန်ဆက်ဆံမှုမျိုး မရှိပေမယ့် သတိထားရမယ့် သူတွေပါ။ ပမာအားဖြင့် အမေရိကန်နိုင်ငံ ဖို့ဟုဒ် စစ်စခန်းမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုကို ညွှန်းဆိုချင်ပါတယ်။ ဒ့်အပြင် ပြီးခဲ့တဲ့နှစ် စက်တင်ဘာလက နာဂျီဘူလာဇာဇီလို့ခေါ်တဲ့ အာဖဂန်နစ္စတန်နွယ်ဖွား အမေရိကန်နိုင်ငံသား အပါအဝင် အမေရိကန်နိုင်ငံသားသုံးဦးဟာ နယူးယောက်မြို့ မြေအောက်ရထားလမ်းတွေကို တိုက်ခိုက်ဖို့ ကြံစည်ခဲ့ကြပါတယ်။ အဲဒီအကြံအစည်အတွက် အယ်လ်ခိုင်ဒါအဖွဲ့က သူတို့ကို လေ့ကျင့်ပေးခဲ့တယ်လို့ ဆိုပါတယ်။

အယ်လ်ခိုင်ဒါရဲ့ နောက်ဆုံး ပဉ္စမမြောက်အသွင်ကတော့ သူတို့ လက်ကိုင်ထားတဲ့ မူဝါဒဖြစ်ပါတယ်။ အဲဒီမူဝါဒကတော့ အမေရိကန်ပြည်ထောင်စုနှင့် ၎င်းရဲ့ မဟာမိတ်တွေကို အစ္စလာမ့်နိုင်ငံတွေရဲ့ အရေးကနေ လက်ရှောင်ဖို့နှင့် အစ္စရေးနိုင်ငံကို ဆက်လက်အကာအကွယ်မပေးနိုင်ဖို့အတွက် ဖိအားပေးတဲ့အနေနဲ့ ကျယ်ပြန့်တဲ့ စစ်ပွဲတစ်ရပ် ဆင်နွှဲဖို့ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီမူဝါဒကို ကိုင်စွဲပြီး လုပ်ဆောင်ခဲ့တဲ့ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်တို့လို၊ အီရတ်နိုင်ငံတို့လို နိုင်ငံများရဲ့ ကံကြမ္မာလည်း ပြောင်းလဲခဲ့ရပါတယ်။

■

အီရတ်နိုင်ငံက သတင်းသမားတွေဟာ စစ်ပွဲများအကြား မြေစာပင်ဖြစ်ခဲ့ရုံမျှမက အစွန်းရောက်များ၊ စစ်သွေးကြွအုပ်စုများရဲ့ ပစ်မှတ်များလည်း ဖြစ်လာကြပါတယ်။ နယ်စည်းမခြား သတင်းစာဆရာများအဖွဲ့က ထုတ်ပြန်တဲ့ စာရင်းဇယားတွေ အရဆိုရင် ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်ရန် စတင်ချိန်ကစပြီး အီရတ်မှာ သတင်းစာဆရာ ၂၃၀ သေဆုံးခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒီလိုအီရတ်မှာ သေဆုံးခဲ့ရတဲ့ သတင်းစာဆရာ အရေအတွက်ဟာ ဒုတိယကမ္ဘာစစ် နောက်ပိုင်းဖြစ်ပွားခဲ့တဲ့ ဗီယက်နမ်စစ်ပွဲလို၊ အယ်လ်ဂျီးရီးယား ပြည်တွင်းစစ်လို စစ်ပွဲတွေမှာ သေဆုံးခဲ့ရတဲ့ သတင်းစာဆရာ အရေအတွက်ထက် ပိုတယ်လို့ ဆိုပါတယ်။ ထို့မျှမက ခုနစ်နှစ်ကြာ အီရတ်စစ်ပွဲအတွင်းမှာ နိုင်ငံတကာသတင်းစာဆရာ ၉၃ ဦး ပြန်ပေးဆွဲခံခဲ့ရပြီး အီရတ်နိုင်ငံဟာလည်း ကမ္ဘာပေါ်မှာ သတင်းစာဆရာ ပြန်ပေးဆွဲခံရမှု အများဆုံးဖြစ်ပွားတဲ့နိုင်ငံလည်း ဖြစ်သွားပါတော့တယ်။ ဒီကြားထဲ အမေရိကန်တပ်ဖွဲ့ဝင် တွေကဖမ်းဟယ်၊ ဆီးဟယ်လုပ်ကြပြန်သေးတော့ အီရတ်နိုင်ငံဟာ သတင်းစာဆရာတွေအတွက် ကပ်သင့်နေတဲ့ မြေလို့ပဲ ပြောရတော့မှာပါ။

ကန့်သတ်ထားတဲ့ စာမျက်နှာနေရာ၊ ကန့်သတ်ထားတဲ့ လေလှိုင်းထုတ်လွှင့်ချိန်တွေအတွက် အပြိုင်အဆိုင် လုပ်နေရတဲ့ သတင်းသမားတွေဟာ သူတို့လိုချင်တဲ့ သတင်းရဖို့ ကမ္ဘာတစ်လွှားက စစ်တလင်းတွေမှာ သက်စွန့်ဆံဖျားလှုပ်ရှား ကြရပါတယ်။ တစ်နည်းအားဖြင့် လူတွေရှောင်တိမ်းနေကြရတဲ့ အန္တရာယ်ဒေသတွေထဲကို သတင်းသမားတွေက အသက်ကိုဖက်နှင့်ထုပ်ပြီး ဝင်ရောက်ကြရတာပါ။ ဒါကြောင့် အီရတ်ဟာ သတင်းသမားတို့ရဲ့ ဒုက္ခဘုံလို့ပဲ ဆိုချင်ပါတယ်။

အီရတ်စစ်မြေပြင်ရောက် ပြင်သစ်သတင်းစာ ဆရာတစ်ဦးကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးနေစဉ်။



ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ALLWAYS HARDWARE MART မှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

➢ **SALE & MARKETING Supervisor** (၃)ဦး (ကျား/မ)

လျှောက်ထားသူများသည်

၁။ တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၂။ အသက်(၂၃)နှစ်မှ(၃၅)နှစ်အတွင်း ဖြစ်ရမည်။

၃။ **MARKETING** အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိပြီး မော်တော်ယာဉ်မောင်းနှင်နိုင်ပါက ပိုမိုဦးစားပေးမည်။

၄။ အတွေ့အကြုံရှိသူများသာ လျှောက်ထားရန်။

လုပ်သက်နှင့်အတွေ့အကြုံပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။

စိတ်ဝင်စားသူများသည် ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ဘွဲ့လက်မှတ်၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲစခန်းထောက်ခံချက်တို့နှင့်အတူ ရုံးချိန်အတွင်း အမှတ်(၂/၆)၊ အခန်း(၁/၂)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်သို့ ပေးပို့လျှောက်ထားနိုင်သည်။

Ph:01-522656, 09-5126883







မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၅၉လက်မ၊ ဂွမြို့တွင် ၇ ဒသမ ၈၈ လက်မ၊ ဓနုဖြူမြို့တွင် ၆ ဒသမ ၀၀ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၃ ဒသမ ၆၇ လက်မ၊ ကျောက်ဆည်မြို့တွင် ၃ ဒသမ ၀၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၇၂ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၅၈ လက်မနှင့် ချောက်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားအတင့်အသင့်ရှိနေသည်။

စက်တင်ဘာ ၁၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရခဲ့သည့် မကွေးF.C

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၁၀ MNLအမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၆)ကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ ဆက်လက်ကျင်းပရာ မကွေးF.Cနှင့် Delta United တို့ နိုင်ပွဲများ ရရှိသွားသည်။

သုဝဏ္ဏကွင်း

မကွေးF.C - ငါးဂိုး
(မန်ဆာနှင့် ဘိုဘိုအောင် နှစ်ဂိုးစီ ချက်ဝူဇူ)

မနောမြေF.C - ဂိုးမရှိ

တောင်ကြီးမြို့တွင် သွားရောက်ကစားခဲ့သည့် အမှတ်ပေးပွဲ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့သည့် မကွေးအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး ဂိုးပြတ် အနိုင်ရရှိသွားသည်။ ဒဏ်ရာပြဿနာရှိနေသည့်အသင်းခေါင်းဆောင် လွင်ဦးမှလွဲ၍ လူစုံထုတ်ကစားသွားသည့် မကွေးအသင်းမှာ မနောမြေအသင်း၏ ခံစစ်ပိုင်းအားနည်းမှုကို အခွင့်ကောင်းယူကာ ဂိုးပြတ်သွင်းယူသွားခြင်းဖြစ်သည်။

ပွဲအစပိုင်းသာ မနောမြေအသင်းမှာ မကွေးဘက်ကို ဖိအားပေးနိုင်ခဲ့သော်လည်း ၈မိနစ်တွင် မန်ဆာ၏ ခေါင်းတိုက်ဂိုး အသွင်းခံရပြီးနောက်ပိုင်း ခံစစ်အသွင်ဖြစ်သွားခဲ့သည်။ ဂိုးရပြီးနောက်ပိုင်း မကွေးအသင်း ကစားပုံပိုကောင်းလာပြီး ၁၄ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် မန်ဆာက ဒုတိယဂိုး၊ မိနစ်၄၀တွင် ချက်ဝူဇူက တတိယဂိုးနှင့် ၄၅ မိနစ်တွင် ဘိုဘိုအောင်က စတုတ္ထဂိုးတို့ကို သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မကွေးအသင်းမှာ ပွဲကိုထိန်းကစားသွားပြီး ၆၅ မိနစ်တွင် ဘိုဘိုအောင်က အနိုင်ဂိုးတစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ မနောမြေအသင်းမှာ ပုံမှန်ခြေစွမ်းမျိုးထုတ်မပြနိုင်ခဲ့ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဗထူးကွင်း

Delta United - နှစ်ဂိုး
(စတန်လေနှင့် အောင်ကျော်မျိုး)

Southern Myanmar-ဂိုးမရှိ

ယခုတစ်ပတ် ပွဲစဉ်များအပြီးတွင် အမှတ်ပေးပြိုင်ပွဲကို ခေတ္တရပ်နားထားမည်ဖြစ်ပြီး အောက်တိုဘာ ၂ ရက်မှ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်များတွင် တောင်ကြီးမြို့ KBZ ကွင်း၌ ဇေယျာရွှေမြေအသင်းက ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်က ဥဿာယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုး၊ ဗထူးကွင်း၌ ရတနာပုံF.C က ဇွဲကပင်ယူနိုက်တက်ကို ခုနစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိသွားသည်။

၁၅-၉-၂၀၁၀

MFF Max Cement Cup
ရှုံးထွက်ပြိုင်ပွဲ
ညနေ ၃ နာရီခွဲ
(သုဝဏ္ဏကွင်း)
VIVA-Delta United
(အောင်ဆန်းကွင်း)
ဆက်သွယ်ရေး-
ဇွဲကပင်ယူနိုက်တက်

(ကြေးမုံ)

မကွေး F.C နှင့် မနောမြေ F.C တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြစဉ်။

စီးပွားရေးပညာ ဟောပြောမည်

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ စီးပွားရေး တက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA)၏ Economic Symposium Series (Myanmar Beyond 2010) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၃/၂၀၁၀ ကို ရန်ကုန်မြို့ UMFCCI တွင် အောက်တိုဘာ ၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်ရာ ဦးမော်သန်း (ပါမောက္ခချုပ်-ငြိမ်း)၊ ဒေါ်ရီရီမြင့် (ပါမောက္ခ/ဌာနမှူး-ငြိမ်း)၊ ဒေါ်လှမြင့် (ပါမောက္ခ/ဌာနမှူး-ငြိမ်း)၊ ဦးတင်ဝင်းအောင် (ဥက္ကဋ္ဌ MIEGA / MCC) ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (အကြံပေးကုလသမဂ္ဂ)တို့က ဟောပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁)** ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်ထက် မကြီးရ၊

(ခ) မြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့်ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ ဖြင့် အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၀** ရက်နေ့မှ စတင်၍ **၁-၁-၂၀၁၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃) ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ၊

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဖြေဆိုကြရမည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **ပျဉ်းမနား**မြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည် အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များ တွင် **၃၀-၁-၂၀၁၁ မှ ၃၁-၁-၂၀၁၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **(ကျပ်၄၅၀၀၀/-)** ဒုတိယနှစ် **(ကျပ်၄၆၀၀၀/-)** ရရှိမည်။ သင်တန်းအောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထား သည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီးသို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လိုက်ပါလျက် စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပေကျင်းမြို့ Bada Ling ဒေသရှိ Great Wall မဟာတံတိုင်းကြီး တည်ဆောက်ထားမှုကို ကြည့်ရှုလေ့လာစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)